အလုပ်အကိုင်ရရှိမှုနှင့် အခွင့်အလမ်း ရပိုင်ခွင့်များ

နိဒါန်း

၁။ ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် မိမိနိုင်ငံအား ဖွံ့ဖြိုးတိုးတက်စေရန်၊ စီးပွားရေး တောင့်တင်း ခိုင်မာစေရန်နှင့် နိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိကြသော နိုင်ငံသား အားလုံး သင့်တင့်ကောင်း မွန်သော အလုပ်အကိုင် (Decent Work) အခွင့်အလမ်းများ ရရှိလျက် လူနေမှုအဆင့်အတန်း မြင့် မားစေရန် မိမိနိုင်ငံဆိုင်ရာအစီအစဉ်များသာမက အခြားနိုင်ငံများနှင့် ယှက်နွယ်ပေါင်းစည်းသည့် အစီအစဉ်များဖြင့် ကြိုးပမ်းဆောင်ရွက် လျက်ရှိကြပါသည်။ မြန်မာနိုင်ငံအနေဖြင့် ယင်းသို့ဆောင် ရွက်ရာတွင် ပြည်တွင်း၊ ပြည်ပအလုပ် အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်သမားများ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်သမားများ အကျိုးခံစားခွင့်ရရှိရေး၊ အလုပ် သမား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ လုပ်ငန်းခွင် အေးချမ်းသာယာရေးနှင့် လူမှုဖူလုံရေး စီမံကိန်း ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလုပ်သမား ဝန်ကြီးဌာန၏ ရည်မှန်းချက်များ အဖြစ်ထားရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ယင်းနိုင်ငံ၏ သဘာဝအရင်းအမြစ်ကို စနစ်တကျ အသုံး ချနိုင်ရေးစီစဉ်ရန် လိုအပ်သကဲ့သို့ လူသားအရင်းအမြစ်များကိုလည်း စွမ်းရည်မြင့်မား စွာ အသုံးချ နိုင်ရေးစီစဉ်ရန် လိုအပ်ပါသည်။ အလုပ်လုပ်ရန် အရွယ်ရောက်သော နိုင်ငံသားအားလုံးအတွက် ကောင်းမွန်သော အလုပ်အကိုင် ရရှိမှုနှင့် အခွင့်အလမ်း ရပိုင်ခွင့် များရရှိရေး ဆောင်ရွက်ပေးရာတွင် အလုပ်သမားဝန်ကြီး ဌာနသည် အဓိက ကျသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

၂။ တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စီးပွားရေး စီမံကိန်း သည် အခြေခံ အကျဆုံး စီမံကိန်းဖြစ်ပြီး လူအင်အားစီမံကိန်း၊ ပညာရေး စီမံကိန်းနှင့်

အခြားစီမံကိန်းများမှာလည်း စီးပွားရေးစီမံကိန်း အောင်မြင်ရေးအတွက် ဝိုင်းဝန်း အထောက်အကူပြုသည့် စီမံကိန်းများ ဖြစ်ကြပါသည်။ စီးပွားရေးစီမံကိန်းသည် ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုတို့အတွက် လိုအပ် သည့် လူအင်အားကို တောင်းခံမည်ဖြစ်ပြီး ပညာရေးစီမံကိန်းမှာ လိုအပ်သည့် အသိပညာ၊ အတတ် ပညာနှင့် ကျွမ်းကျင်မှုရှိသော လူအင်အားကို လေ့ကျင့်ပျိုးထောင် ထောက်ပံ့ပေးနိုင်ရမည် ဖြစ်ပါ သည်။ ယင်းကဲ့သို့ လူအင်အားတောင်းခံမှုနှင့် ထောက်ပံ့မှုတို့ ဟန်ချက်ညီရန် ဆောင်ရွက်ခြင်းသည် လူအင်အားစီမံကိန်း၏ လုပ်ငန်းသဘာဝပင်ဖြစ်ပါသည်။ ထို့ပြင် ပညာရေးကို ဆုံးခန်းတိုင်အောင် မသင်ကြားနိုင်သူများအား လေ့ကျင့်ပေးခြင်းကိုလည်း လူအင်အားအရင်းအမြစ် ဖွံ့ဖြိုးတိုး တက်ရေး စီမံကိန်းတွင် အစီအစဉ်တစ်ရပ်အဖြစ် ထည့်သွင်းရန်လိုအပ်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အရည်အချင်းပြည့်ဝသော အလုပ်သမားအင်အားစုကြီးကို မွေးထုတ် ပေးလျက် ရှိသော ပညာရေးစီမံကိန်းကိုလည်းကောင်း၊ ထွက်ပေါ်လာသည့် အင်အား စုကြီးကို ထိုက်သင့်သည့် လုပ်ငန်းခွင်နေရာတွင် ချမှတ်ပေးနိုင်ရန် စီမံခန့်ခွဲပေးမည့် လူအင်အားစီမံကိန်းကိုလည်းကောင်း၊ အလုပ်ရရှိပြီးဖြစ်သည့် လုပ်သား ထုကြီးနှင့် ပညာရေးကို ဆုံးခန်းတိုင်အောင် မသင်ကြားနိုင်သည့် အရွယ်ရောက်ပြီး အလုပ်လုပ် ကိုင်နိုင်မည့် နိုင်ငံသားများကို ကျွမ်းကျင်မှုမြှင့်တင်ပေးမည့် လူအင် အားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကိုလည်းကောင်း၊ အရည်အချင်း တိုးတက်မြင့်မားလာ သည်နှင့်အမျှ ခေတ်မီအဆင့်မြင့် နည်းပညာသုံး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်မည့် စီးပွားရေးစီမံကိန်းကိုလည်းကောင်း ချမှတ်နိုင်ရန်နှင့် ယင်းစီမံ ကိန်းတစ်ခုနှင့်တစ်ခုအကြား စီးဆင်းလည်ပတ်မှုချောမွေ့စေရန် သက်ဆိုင်ရာဝန်ကြီး ဌာန များမှ ညှိနှိုင်းပေါင်းစပ်ရန်လိုအပ်မည် ဖြစ်ပါသည်။

ရည်ရွယ်ချက်

၄။ အလုပ်လုပ်ရန် အရွယ်ရောက်သော နိုင်ငံသားအားလုံးအတွက် အလုပ်အကိုင် အခွင့်အလမ်း များ ဖော်ဆောင်ပေးရန်၊ သင့်တင့်ကောင်းမွန်သော ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများတွင် အလုပ်အကိုင်ရရှိရန်နှင့် လုပ်သားထု ကျွမ်းကျင်မှု တိုးတက်မြင့်မားလာစေရန်။

ဆောင်ရွက်ရမည့်အဓိကလုပ်ငန်းစဉ်များ

၅။ ရည်ရွယ်ချက် အောင်မြင်ရေး ဆောင်ရွက်ရာတွင် အောက်ပါ အဓိကကျသော လုပ်ငန်း စဉ်များ ပါဝင်ပါသည် -

(က) အလုပ်သမားရေးရာ စာရင်းအင်းများကို လေ့လာခြင်း၊

(ခ) အလုပ်အကိုင်နှင့်ဆက်စပ်၍ ဆင်းရဲမှု လျှော့ချခြင်း၊

(ဂ) ပြည်တွင်း၊ ပြည်ပအလုပ်အကိုင် ရရှိရေးနှင့် အခွင့်အလမ်းများ တိုးတက်ကောင်းမွန် ရေး ဆောင်ရွက်ပေးခြင်း၊

(ဃ) နိုင်ငံအဆင့် ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်း၍ ကျွမ်းကျင် လုပ်သား များ မွေးထုတ် ပေးရန် ဆောင်ရွက်ခြင်း၊

အလုပ်သမားရေးရာ စာရင်းအင်းများကို လေ့လာခြင်း

၆။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အလုပ်သမားရေးရာ စာရင်း အင်းများ ကို အလုပ်သမားဝန်ကြီးဌာနမှ ကောက်ယူပြုစုလျက်ရှိပါသည်။ အလုပ် သမားရေးရာ စာရင်းအင်း များတွင် Total Labour Force, Labour Force Participation Rate နှင့် Unemployment Rate တို့မှာအဓိကကျသောအညွှန်းကိန်းများဖြစ်ပြီး

ယင်းတို့နှင့်ဆက်စပ်လျက်ရှိသော Population Rate, Birth and Death Rate တို့မှာလည်း အရေးပါသည့် အညွှန်းကိန်းများဖြစ်ရာ နိုင်ငံတော်၏ လက်ရှိအခြေအနေကို သုံးသပ်လျက် ရေ့လုပ်ငန်းစဉ် ရည်မှန်းချက်များ ချမှတ်ရာတွင် အထောက် အကူပြုနိုင်ပါသည်။

၇။ မြန်မာနိုင်ငံတွင် ၂၀၁၀ခုနှစ် စာရင်းအရ လူဦးရေ ၅၉.၇၈ သန်းရှိပြီး ယင်းလူဦးရေအနက် အသက်အရွယ်ကြီးသူ ၈.၇၇%၊ ငယ်ရွယ်သူ ၂၉.၄၄% နှင့် အလုပ်လုပ်ကိုင်နိုင်သူ ၆၁.၇၉% (၃၆.၉၄ သန်း)ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အလုပ်လုပ် ကိုင်နိုင်သော လူဦးရေ၏ ၆၄.၅% မှာ လယ်ယာ ကဏ္ဍတွင်လည်းကောင်း၊ ၁၄% မှာ စက်မှုကဏ္ဍတွင်လည်းကောင်း၊ ၂၁.၅% မှာ ဝန်ဆောင်မှုကဏ္ဍ တွင်လည်းကောင်း လုပ်ကိုင်လျက်ရှိပါသည်။ အလုပ်သမားဝန်ကြီးဌာနသည် ၁၉၉၀ ခုနှစ်တွင် လုပ် သားအင်အားစစ်တမ်းတစ်ရပ်ကောက်ယူခဲ့ရာ ယင်းစစ်တမ်းကိုအခြေခံ၍ ခန့်မှန်းတွက်ချက်မှုအရ ၂၀၁၀ ခုနှစ် လုပ်သားအင်အားမှာ ၃၀.၄၉ သန်းဖြစ်ပြီး ၉၆% သည် အလုပ်လက်ရှိဖြစ်၍ ၄% မှာ အလုပ်လက်မဲ့ ဖြစ်ပါသည်။

အလုပ်အကိုင်နှင့်ဆက်စပ်၍ ဆင်းရဲမှု လျှော့ချခြင်း

၈။ ယခုအခါ ချမ်းသာသည့်နိုင်ငံများ၌ မွေးဖွားနှုန်းကျဆင်းလာခြင်းနှင့် သက်ကြီးရွယ်အို များပြားလာခြင်းတို့အတွက် စိုးရိမ်ဖွယ်ရာဖြစ်နေချိန်တွင် ဆင်းရဲသည့်နိုင်ငံများ၌ အလွန်အမင်း ဆင်းရဲခြင်း၊ သာတူညီမျှမှု မရှိခြင်း၊ မွေးဖွားမှုနှုန်းနှင့် သေဆုံးမှုနှုန်း မြင့်မားခြင်းတို့အပေါ် စိုးရိမ်မှု များ ဖြစ်ပေါ်ခံစားနေရပါသည်။ ထို့ပြင် ကမ္ဘာနှင့်အဝန်း ဆင်းရဲချမ်းသာကွာဟမှု ပိုမိုကြီးထွားလာ သကဲ့သို့ စားနပ်ရိက္ခာ မပြည့်စုံခြင်း၊ ရေရှားပါးပြတ်လပ်ခြင်းနှင့် ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ် ပေါ်လာသည့် သဘာဝဘေးအန္တရာယ်ဆိုးကျရောက်ခြင်းများကြောင့် ထိခိုက်ခံစား နေကြရသူအရေ အတွက်မှာလည်း များပြားလျက်ရှိသည်ကို တွေ့ရှိနေရပါသည်။

၉။ ဆင်းရဲမှုသည် လူသားတို့၏ စား ဝတ် နေရေးနှင့် တိုက်ရိုက်ဆက်နွယ်မှုရှိပြီး အဆိုပါ အရေး (၃)ပါး၏ လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ဝင်ငွေရရှိမည့် အလုပ်တစ်ခုခုကို လုပ်ကိုင်နေရ ပါသည်။ ထိုသို့လုပ်ကိုင်ရာတွင် အလုပ်အကိုင်တိုင်းအတွက် သတ်မှတ်ထားသော "စံ" တစ်ရပ်နှင့် ညီမျှသည့် ကျွမ်းကျင်မှုရှိရန် လိုအပ် ပါသည်။ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများ၌ ပေါ်ပေါက်နေသော အလုပ်အကိုင်အခွင့်အလမ်းအများစုမှာ ကျွမ်းကျင်မှုကို အခြေခံသော လုပ်ငန်းများဖြစ်ကြပြီး Globalization ခေတ်၌ နည်းပညာအသစ်အဆန်းများ အစွမ်းကုန် တီထွင်လာနိုင်သောကြောင့် နေ့စဉ်နှင့်အမျှ ပြိုင်ဆိုင်မှုများဖြစ်ပေါ်လျက်ရှိပါသည်။ ၎င်းပြင် Globalization ၏ အကျိုးဆက် ကြောင့် ကုန်စည်များ လွယ်ကူစွာစီးဆင်းနိုင်ခြင်း၊ လုပ်သားများ လွယ်ကူစွာ ရွှေ့ပြောင်းလုပ်ကိုင်နိုင် ခြင်းတို့ကိုလည်း ဖြစ်ပေါ်စေပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် တိုးတက်လာသော နည်းပညာ အသစ်အဆန်းများကို လိုက်မီရန် ကြိုးပမ်းလျက်ရှိပြီး မိမိတို့နိုင်ငံ၏ စီးပွားရေးကဏ္ဍ၊ လူ့စွမ်းအား အရင်းအမြစ်ကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်မှုရှိစေမည့်နည်းလမ်းများ အကောင်အထည်ဖော်ဆောင် ရွက်လျက်ရှိပါသည်။

၁၀။ ယနေ့အချိန်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် မဖွံ့ဖြိုးသေးသောနိုင်ငံအချို့တွင် ဆင်းရဲမှုမြင့်တက် လျက်ရှိရာ ၎င်းတို့အနက်အများစုမှာ စိုက်ပျိုးရေးကိုအခြေခံပြီး ပညာရေးချို့တဲ့ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း၊ အနိမ့်ဆုံးလစာရရှိမှုနှင့် စားဝတ်နေရေးကုန်ကျစရိတ် မျှတမှုမရှိခြင်း၊ ကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းမရှိခြင်း စသည်တို့ကိုတွေ့ရှိရပါသည်။ မိမိတို့နိုင်ငံ တွင် စာတတ်မြောက်သည့် ဦးရေ များပြားသော်လည်း လုပ်သားအများစုမှာ ကျွမ်းကျင်မှု နည်းပါးကြောင်း တွေ့ရှိရပါသည်။ ထိုသို့ဖြစ်ရခြင်း အကြောင်းအရင်းများတွင် ပညာရေးတစ်ပိုင်းတစ်စဖြင့် စားဝတ်နေရေးအတွက် လုပ်ငန်းခွင်သို့ တိုက်ရိုက်ရောက်ရှိသွားခြင်း၊ ကျွမ်းကျင်မှုရရှိရေးအတွက် သင်တန်းများတက်ရောက်ရန် အခြေအနေ မပေးခြင်း

ကြောင့် လုပ်ငန်းနှင့်ပတ်သက်သော အသိပညာ၊ ဗဟုသုတအားနည်းခြင်း စသည်တို့ ပါဝင်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ လူ့စွမ်းအားအရင်း အမြစ် ဖွံ့ဖြိုးတိုးတက်မှုသည် လူတစ်ဦး တစ်နေ့ရရှိသောဝင်ငွေ၊ ၎င်းဝင်ငွေ ရရှိရန် လိုအပ်သော ကျွမ်းကျင်မှု၊ ၎င်းတို့၏ လူနေမှုအဆင့်အတန်း၊ နိုင်ငံ၏ ပြည်တွင်းထုတ်ကုန်(GDP)တို့နှင့် ဆက်နွယ် လျက်ရှိပြီး ဆင်းရဲမှုကိုလျော့ချနိုင်မှသာ လူမှုဘဝမြင့်မား၍ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ်သို့ ရောက်ရှိနိုင်မည်ဖြစ်ပါသည်။

၁၁။ လုပ်သားထု၏ဆင်းရဲမှုကို လျော့ချရေး ဆောင်ရွက်ရာတွင် သင့်တင့်သော အတန်းပညာမှ တစ်ဆင့် လုပ်ငန်းခွင်သို့ တိုက်ရိုက်ဝင်ရောက်နိုင်မည့် ကျွမ်းကျင်မှု သင်တန်းကျောင်းများထားရှိခြင်း၊ မည်သူမဆို ပညာအရည်အချင်းအလိုက်ဖြစ်စေ၊ မိမိတတ်ကျွမ်းထားသော ပညာရပ်အလိုက်ဖြစ်စေ အကဲဖြတ်စစ်ဆေးခံခွင့်ရှိပြီး ၎င်းတို့ အတွက် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် ထုတ်ပေးမည့် ဌာန/အဖွဲ့အစည်းများ တည်ထောင်ထားရှိခြင်း၊ အရွယ်ရောက်ပြီးအလုပ်လုပ်လိုသည့် ကျား/မ မရွေး မည်သူမဆိုဆန္ဒရှိပါက စက်မှုလက်မှု အတတ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုတစ်ခုခု တတ် မြောက်နိုင်စေရန်နှင့် လုပ်ငန်းခွင်သို့ မဝင်ရောက်မီ သက်ဆိုင်ရာ လုပ်ငန်းခွင် အလိုက်အကြိုသင်တန်း ဖွင့်လှစ်ပေးရန်တို့နှင့်စပ်လျဉ်းသည့် အမျိုးသားမူဝါဒ (National Policy) သို့မဟုတ် ဥပဒေတစ်ရပ် ထားရှိခြင်းစသည်တို့ကို အခြေခံထား ဆောင်ရွက်ခြင်းဖြင့် အထောက်အကူပြုနိုင်ပါသည်။

၁၂။ ထို့ပြင် လုပ်သားထုအတွက် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ပြည်တွင်း၊ပြည်ပရှိ အလုပ်အကိုင်အခွင့်အလမ်းများ၌ သင့်တင့် ကောင်းမွန်သော အလုပ်အကိုင်ရရှိ ရေးဆောင်ရွက်ပေးခြင်း၊ လွတ်လပ်စွာ ကုန်စည် စီးဆင်းမှု (Trade Liberalization) ကို ကောင်းစွာ အသုံးချနိုင်ရေးအတွက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု (Foreign Direct Investment) ရယူကာ မိမိနိုင်ငံအတွင်း

စက်ရုံ/အလုပ်ရုံများတည်ထောင်၍ အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ Labour Market Information ဆိုင်ရာ သတင်းအချက်အလက်များ ရယူ၍ အလုပ်အကိုင်ရှာဖွေလိုသော အလုပ်သမားများအတွက် Door to Door Employment Seeking System တစ်ခု ထားရှိဆောင်ရွက်ခြင်း၊ အလုပ်ရှင်၊ အလုပ်သမားနှင့် အစိုးရတို့အကြားပွင့်လင်းမှု (Transparency) ရှိစေခြင်း၊ ခေတ်မီသောနိုင်ငံများတွင် Information Centre for Employment များ တည်ထောင် ထားရှိသဖြင့် ပြည်တွင်းတွင်သာမက ပြည်ပရောက်အလုပ်သမားများ၏ အလုပ်သမားရေးရာကိစ္စ ရပ်များကို တိုက်ရိုက်သိမြင်နိုင်ကြောင်း တွေ့ရှိရသည့်အတွက် အလုပ်သမားများ စိုးရိမ်ကြောင့်ကြ လျက်ရှိသော လုပ်ငန်းခွင်အခြေအနေမှန်ကို သိရှိနိုင်အောင် လုပ်ဆောင်ပေးခြင်းစသည်တို့သည်လည်း အလုပ်ရရှိမှုနှင့်လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းသာယာမှုကို ဖြစ်ထွန်းစေသည့်အတွက် ဆင်းရဲမှုလျော့ချရေးကို အထောက်အကူပြုစေနိုင်ပါသည်။

၁၃။ မြန်မာနိုင်ငံလူဦးရေ၏ အများစုသည် ကျေးလက်ဒေသတွင်နေထိုင်ကြပြီး လယ်ယာ၊ သား ငါး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို လုပ်ကိုင်နေကြသော တိုင်းပြည်၏ အဓိကကျသည့် စွမ်းအားစု များဖြစ်သောကြောင့် ကျေးလက်ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ကျေးလက်နေ လုပ်သားပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာစေရေးတို့အတွက် အစီအမံများ ချမှတ် ဆောင်ရွက်ပေးခြင်းဖြင့်လည်း ဆင်းရဲမှုကို လျှော့ချနိုင်ပါသည်။

ပြည်တွင်း၊ ပြည်ပအလုပ်အကိုင် ရရှိရေးနှင့် အခွင့်အလမ်းများ တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ပေးခြင်း

၁၄။ မြန်မာနိုင်ငံရှိ လူဦးရေ၏ ၇၀ % မှာ ကျေးလက်တွင်နေထိုင်ကြပြီး ၃၀ % မှာ မြို့ပြ၌ နေထိုင်ကြပါသည်။ ကျေးလက်ဒေသ၏မွေးဖွားမှုနှုန်း မြင့်မားမှုကြောင့် လူဦးရေတိုးပွားနှုန်းမှာ မြို့ပြထက် မြင့်မားပါသည်။ ထိုကဲ့သို့ တိုးပွားလာသော ကျေးလက်ပြည်သူများမှာ ဆင်းရဲခြင်း၊ အလုပ် အကိုင် ရှားပါးခြင်းတို့ကြောင့်

စက်မှုဇုန်များရှိရာ မြို့ပြများသို့ အလုပ်လုပ်ကိုင်ရန် ပြောင်းရွှေ့လာ ကြပါသည်။ ကျေးလက်ဒေသမှအလုပ်အကိုင်ရှာဖွေသူများသည် မြို့ပြများသို့ ပြောင်းရွှေ့ အလုပ်ရှာကြသော်လည်း မြို့ပြတွင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးမှုကြောင့် ပြည်ပသို့ သွားရောက် အလုပ်လုပ်ကိုင်ရန် အခြေအနေများ ဖြစ်ပေါ်လာပါသည်။ ထို့ပြင် ကမ္ဘာ့နိုင်ငံအချို့၌ လူဦးရေ တိုးပွားနှုန်းကန့်သတ်မှု၊ ကြွယ်ဝချမ်းသာမှု၊ စီးပွားဖွံ့ဖြိုးမှု၊ အလုပ်အကိုင်အခွင့်အလမ်းပေါများမှု၊ လုပ်ခလစာကောင်းမွန်မှုများကြောင့် အနာဂတ်တွင် အလုပ်သမားများသည် တစ်နေရာမှ တစ်နေရာ သို့ ရွှေ့ပြောင်းလုပ်ကိုင်မှုများ ပိုမိုများပြားလာမည်ဖြစ်ပါသည်။

၁၅။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ခရိုင်၊ မြို့နယ်များ၌ အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံး (၇၇) ရုံးဖွင့်လှစ်လျက် အလုပ်လုပ်ကိုင်ရန် အရွယ်ရောက်သော မြန်မာနိုင်ငံသား များအား ပြည်တွင်း၊ ပြည်ပ၌ သင့်တင့်ကောင်းမွန်သော အလုပ်အကိုင်ရရှိရေးအတွက် ဆောင်ရွက် ပေးလျက်ရှိပါသည်။ ပြည်တွင်း အလုပ်အကိုင်အပိုင်းတွင် အလုပ်ရှင်များဖြစ်ကြသည့် အစိုးရဌာန/ အဖွဲ့အစည်း၊ သမဝါယမ၊ ဖက်စပ်နှင့် ပုဂ္ဂလိက စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအနေဖြင့် အလုပ်သမား ရရှိခန့်ထားလိုပါက သက်ဆိုင်ရာ အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံးသို့ အမှာစာပေးပို့လျက် ရွေးချယ်ခန့်ထားမှုလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်နိုင်ပါသည်။ ပြည်ပအလုပ် အကိုင်နှင့်စပ်လျဉ်း၍ နိုင်ငံတော်မှ ၁၉၉၉ ခုနှစ်တွင် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေကို ပြဋ္ဌာန်း ပေးခဲ့ပြီး ပြည်ပသို့ သွားရောက် အလုပ်လုပ်ကိုင်လိုသည့် အလုပ်သမားများကို ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၁ခုနှစ်၊ ဇူလိုင်လအထိ ပြည်ပနိုင်ငံများ သို့ စေလွှတ်ခဲ့သော အလုပ်သမားစုစုပေါင်း (၅၈၅၉၂၀)ဦး ရှိပါသည်။ ယင်းအလုပ်သမားများ ရရှိကြသည့် အလုပ်အကိုင်များကိုဆန်းစစ်ရာတွင် ဆောက်လုပ်ရေးလုပ်ငန်း၊ ဥယျာဉ်ခြံမြေ စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်း၊ စက်မှုကုန်ထုတ်လုပ်ငန်းတို့၌ အများစုဖြစ်ပြီး အထွေထွေ လုပ်သားအဆင့်ဖြင့်သာ စတင်

လုပ်ကိုင်ရကြောင်း တွေ့ရှိရသဖြင့် ကျွမ်းကျင်မှုအဆင့် မြှင့်တင်ပေး ရန် လိုအပ်ပါသည်။ လက်ရှိပြည်ပအလုပ်အကိုင် ဈေးကွက်အနေအထားအရ ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ ကိုရီးယား၊ ဂျပန်၊ UAE၊ ကာတာ၊ ကူဝိတ်နိုင်ငံတို့သည် မြန်မာအလုပ်သမားများ တရားဝင်သွားရောက် လုပ်ကိုင်နေကြသောနိုင်ငံများဖြစ်ကြပြီး ယင်းသို့သွားရောက်ရာတွင် အလုပ်သမားဝန်ကြီးဌာနမှ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင် ထုတ်ပေးထားသော လိုင်စင်ရ ပုဂ္ဂလိကအေဂျင်စီများနှင့် အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီတို့မှတစ်ဆင့် တရားဝင်သွား ရောက်ခြင်းဖြစ်ပါသည်။

၁၆။ ထို့ပြင် ထိုင်းနိုင်ငံသို့ ရောက်ရှိနေသော အထောက်အထားမဲ့ မြန်မာအလုပ်သမားများ တရားဝင်ဖြစ်စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ မြဝတီ၊ တာချီလိတ်၊ ကော့သောင်း/ ရနောင်းနယ်စပ်စခန်းများတွင် မြန်မာနိုင်ငံရဲသတင်းတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင် ရေးဦးစီးဌာနနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့ပါဝင်သော ပူးပေါင်းအဖွဲ့မှ ယာယီမြန်မာနိုင်ငံ ကူးလက်မှတ်နှင့် အလုပ်သမားသက်သေခံကတ်ပြားများကို ထုတ်ပေးလျက်ရှိပြီး မြန်မာအလုပ်သမား (၅၂၇၉၄၄)ဦးသို့ ထုတ်ပေးပြီးဖြစ်ပါသည်။ ၎င်းပြင် မြဝတီ၊ တာချီလိတ်၊ ကော့သောင်းနယ်စပ်တို့ရှိ အလုပ်သမား ညွှန်ကြားရေးဦးစီဌာန၏ သက်ဆိုင်ရာအလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံးများမှတစ်ဆင့် ထိုင်းနိုင်ငံသို့ မြန်မာအလုပ်သမားအသစ်များကို စေလွှတ်လျက်ရှိရာ စုစုပေါင်း မြန်မာအလုပ်သမား အသစ် (၅၀၇၀)ဦး စေလွှတ်ပြီးဖြစ်ပါသည်။ ထိုင်း နိုင်ငံ၏ အလုပ်သမား ဈေးကွက်အရ အလုပ်သမားများစွာလိုအပ်နေကြောင်း တွေ့ရှိရပါသည်။

၁၇။ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ကောင်းမွန်စေရေးအတွက် လုပ်ဆောင်ရာတွင် လယ်ယာလုပ်ငန်းကိုသမားရိုးကျဆောင်ရွက်ခြင်းမှ ခေတ်မီတိုးတက်သောနည်းလမ်း နှင့် Multiple Cropping System ဖြင့်လုပ်ကိုင်စေခြင်း၊ လယ်ယာလုပ်ငန်း၏ ထွက်ကုန်များနှင့် ဆက်စပ်နေသော စက်မှုလုပ်ငန်းများ

လုပ်ကိုင်နိုင်ရန် အားပေးခြင်း၊ စက်ရုံ/ အလုပ်ရုံများကို ပြည် တွင်းစားသုံးရန်သာမက နိုင်ငံခြားသို့တင်ပို့နိုင်ရေးအတွက်အစီအမံများ ချမှတ်ခြင်း၊ အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်း၊ စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များ တည်ထောင်ပေးခြင်း စသည့်နည်းလမ်းများကို ဆောင်ရွက်နိုင်ပါသည်။

၁၈။ အခြားတစ်ဘက်တွင်လည်း ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေရန် ဆောင်ရွက်နိုင်သော နည်းလမ်းများတွင် ပြည်ပအလုပ်အကိုင်စျေးကွက်ကို အချိန်နှင့်တပြေးညီ သိရှိနိုင်ရန် ဆောင်ရွက်ခြင်း၊ ရရှိသော ပြည်ပအလုပ် အကိုင်စျေးကွက်သတင်းများအရ ပြည်တွင်း အလုပ်သမား လိုအပ်ချက်မှ ပိုလျှံနိုင်သော အလုပ်သမားများကို ပြည်ပအလုပ်အကိုင်စျေးကွက် အတွက် မျှော်မှန်းလျက် လိုအပ်သော အတတ်ပညာ၊ လုပ်ရည်ကိုင်ရည်နှင့် ကျွမ်းကျင်မှုများ ရရှိအောင် စီမံချက်ချမှတ် ဆောင်ရွက်ခြင်း၊ ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများသို့ သွားရောက်လုပ်ကိုင်ရာတွင် လွယ်ကူလျင်မြန်စေရန် ဆောင်ရွက်ပေးခြင်း၊ မြန်မာအလုပ်သမားအများဆုံးသွား ရောက်သော နိုင်ငံများတွင် Labour Attache’ များထားရှိ၍ အလုပ်သမားစျေးကွက် ချဲ့ထွင်နိုင်ရေး ဆောင်ရွက်ခြင်း၊ အလုပ်သမားလက်ခံသည့် နိုင်ငံများနှင့် နှစ်နိုင်ငံ အစိုးရချင်း MoU / Bi-lateral Agreement များ လက်မှတ်ရေးထိုးဆောင်ရွက်ခြင်း၊ ပြည်ပတွင် သွားရောက်အလုပ်လုပ် ကိုင်နေသော အလုပ်သမားများကို အကာအကွယ်ပေးခြင်းတို့ ပါဝင်ပါသည်။

နိုင်ငံအဆင့် ကျွမ်းကျင်မှု “စံ”သတ်မှတ်ပြဌာန်း၍ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရန် ဆောင်ရွက်ခြင်း

၁၉။ မြန်မာနိုင်ငံ၏ စုစည်းမှုမရှိသော လုပ်ငန်းကဏ္ဍ (Informal Sector) တွင် ရာသီအလိုက် လုပ်ကိုင်ရသော အလုပ်သမားများမှာ အများစုဖြစ်ပြီး ၎င်းတို့အတွက် နေ့စဉ်ပုံမှန်ဝင်ငွေရရှိသော အလုပ်အကိုင်အခွင့် အလမ်းများမရှိကြသဖြင့် ဘဝမြင့်မားရေး ကြိုးစားနိုင်မှုမရှိဘဲ စားဝတ် နေရေး အတွက် အလုပ်အကိုင်ရရှိအောင် အမြဲတစေ

ကြိုးပမ်းနေရသည့် အနေအထားတွင် ရှိနေကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ကျွမ်းကျင်သူများကို အရည်အသွေး ထပ်မံဖြည့်စွက်ခြင်းမှာ ကောင်းမွန်သည့်နည်းလမ်းတစ်ရပ် ဖြစ်သော်လည်း အများစုဖြစ်သော ကျွမ်းကျင်မှုမရှိသေးသည့် လုပ်သားများအတွက် ကျွမ်းကျင်မှု တစ်ခုရရှိပြီး ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ အလုပ်လုပ်ကိုင်နိုင်ရေးကို အလေးထားသည့် နည်း လမ်းကောင်းများ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ်ပါသည်။

၂၀။ မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးခဲ့မှုကြောင့် စက်မှုဇုန်များ၊ စက်ရုံ၊ အလုပ်ရုံများ တိုးတက်ဖွံ့ဖြိုးခြင်းနှင့်အတူ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမှုကြောင့်လည်းကောင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများ စီစဉ်ဆောင်ရွက်ပေးခြင်း ကြောင့်လည်းကောင်း ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လျက်ရှိပါ သည်။ သို့ရာတွင် ကမ္ဘာ့နိုင်ငံများအနေဖြင့် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ ထုတ်လုပ်မှု အပိုင်းတွင် လျင်မြန်စွာ ပြောင်းလဲနေသော Technology နှင့်အညီ ခေတ်မီစက်ကိရိယာများ၊ ဆန်းသစ်သောပစ္စည်းများ သုံးစွဲလာမှုကြောင့် ယင်းအလုပ်များတွင် လုပ်ကိုင်ရသော အလုပ် သမားများ၏ ကျွမ်းကျင်မှု “စံ” နှုန်းများမှာလည်း မြင့်မားလာသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အဆိုပါ အလုပ်အကိုင်အခွင့်အလမ်းများအတွက် အလုပ်သမားများ အနေဖြင့် ကျွမ်းကျင်မှုများ လိုအပ်လာပါသည်။

၂၁။ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် လုပ်သားများ လုပ်ငန်းခွင် ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းကို ILO, UNDP တို့၏ အကူအညီဖြင့် ရန်ကုန်မြို့၌ ၁၉၇၂ ခုနှစ်ကတည်းက တည်ထောင်ခဲ့ပြီး ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းများကို စဉ်ဆက် မပြတ် ဖွင့်လှစ်သင်ကြားလျက်ရှိပါသည်။ အခြားဝန်ကြီးဌာနများတွင်လည်း အလားတူ သင်တန်းကျောင်းများရှိနေပြီး ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးလျက်ရှိပါသည်။

၂၂။ ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ (၇) ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီမြို့၌ ကျင်းပခဲ့ သော ASEAN ၏ (၉) ကြိမ်မြောက် ထိပ်သီးညီလာခံမှ အာဆီယံနိုင်ငံအတွင်း ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် ကျဉ်းမြောင်းစေရန် ASEAN Community အား ASEAN Security Community၊ ASEAN Economic Community နှင့် ASEAN Socio-Cultural Community ဟူ၍ Pillar (၃) ခုဖြင့် အကောင်အထည်ဖော်ရန် ချမှတ်ခဲ့ပါသည်။ ယင်းတို့အနက် ASEAN Economic Community ကို အကောင်အထည်ဖော်ရာတွင် Free Flow of Services and Free Flow of Skilled Lobourကိစ္စရပ်များပါရှိပါသည်။ အာဆီယံဒေသအတွင်း Enhancing Skill Recognition System ကို ၂၀၀၄ခုနှစ်က စတင်၍ အကောင်အထည်ဖော်ခဲ့ပါသည်။ ယင်းသို့အာဆီယံ ပေါင်းစည်းမှု လုပ်ငန်းစဉ် အရ တူညီသော ကျွမ်းကျင်မှု "စံ" နှုန်းများရှိသည့် အလုပ်သမားများ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ စေလွှတ်အလုပ်လုပ်ကိုင်နိုင်ရေးအတွက် ရည်မှန်းချက်ထား၍ ဆောင်ရွက် လျက်ရှိရာ ကျွမ်းကျင်မှု "စံ"နှုန်းများ တူညီစေရန်အတွက် ညှိနှိုင်းဖော်ထုတ်ရန်၊ မိမိနိုင်ငံတွင် ရှိပြီးဖြစ်သော ကျွမ်းကျင်မှု"စံ"များကို ဖော်ထုတ်၍ အခြားအာဆီယံ နိုင်ငံများ၏ "စံ" များနှင့်ကိုက်ညှိရန်၊ ဖွံ့ဖြိုး တိုးတက်ပြီး ASEAN နိုင်ငံများ၏ "စံ" များကိုရယူ၍ မိမိနိုင်ငံအတွင်း ရှိပြီးဖြစ်သော ကျွမ်းကျင်မှု "စံ" များကို မြှင့်တင်ရန် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂၃။ ထိုကဲ့သို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ကို ၂၀၀၇ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး အဖွဲ့၏ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ပညာရှင်များပါဝင်လျက် အလုပ်အကိုင် (၁၅၂)မျိုး ၏ ကျွမ်းကျင်မှု "စံ" များကို ရေးဆွဲ ခဲ့ပြီးဖြစ်ပါသည်။ ကျွမ်းကျင်မှု "စံ" များရေးဆွဲရာတွင် လုပ်ရည် ကိုင်ရည်"စံ"များ အတွက် စံချိန်စံညွှန်းပြည့်မီစေရန်နှင့် အချက်အလက်များ ပြည့်စုံစွာ ပါဝင်စေရန် ဒေသတွင်းနှင့် နိုင်ငံတကာ၌ လက်ခံအသုံးပြုနေသော ကျွမ်းကျင်မှု "စံ" များကို

လေ့လာ၍ ဖြည့်စွက်ခြင်း၊ လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်ခြင်းစသည်တို့ ဆောင်ရွက်ရန်အတွက် အလုပ် အကိုင်အလိုက် ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေး ကော်မတီ (၁၄)ခုကို ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။ NSSA သည် နိုင်ငံအဆင့် အရည်အသွေး မူဘောင်အတွင်း Skilled Labour အဆင့်အတွက် ကျွမ်းကျင်မှု "စံ" များ ရေးဆွဲအတည်ပြုခြင်း၊ သင်ကြားလေ့ကျင့်ပေးခြင်း၊ စမ်းသပ်စစ်ဆေးပေးခြင်း နှင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း အစီအစဉ်များကို ဆောင်ရွက်လျက်ရှိရာ အမှတ်(၂)၊ စက်မှုဝန်ကြီးဌာနမှ ဦးဆောင်သော ဂဟေဆက်အတတ်ပညာ စမ်းသပ် စစ်ဆေးခြင်းနှင့် အသိ အမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းတို့မှာ မကြာမီစတင် တော့မည်ဖြစ်ပါသည်။

၂၄။ ဒေသအဆင့်တွင် မြန်မာနိုင်ငံသည် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ် နိုင်ငံများနှင့် ဂဟေဆက်၊ ကွန်ကရစ်လောင်း၊ လေအေးစက်ပြင်၊ ကြက်မွေးမြူရေးနှင့် ဧည့်လမ်းညွှန် အလုပ် အကိုင်(၅)မျိုးအတွက် ကျွမ်းကျင်မှု"စံ"များကို အဆင့်(၄) ဆင့်ဖြင့် ညှိနှိုင်းခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၅ ခု နှစ်တွင် အာဆီယံဒေသအတွင်း Free Flow of Skilled Labour ဖြစ်စေရေးကို ရည်မှန်းချက်ထားရှိ ဆောင်ရွက်လျက်ရှိသောကြောင့် မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားများကို ASEAN ကျွမ်းကျင်မှု "စံ"နှုန်းအတိုင်းသင်တန်းပေးခြင်း၊ အတည်ပြု သတ်မှတ် ထားသော National Standard များအတိုင်း ကျွမ်းကျင်မှု ရှိ/မရှိကို Testing Centre များတွင် စစ်ဆေးခြင်း၊ အောင်မြင်သူများကို NSSA မှ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်းတို့ဖြင့် ကျွမ်းကျင်လုပ်သားများ ပြည်ပနိုင်ငံများသို့ စေလွှတ်နိုင်ရေးတို့ကို ဆောင်ရွက်သွားရန်ရှိပါသည်။

အကြံပြုတင်ပြချက်

၂၅။ အလုပ်သမားများအတွက် အလုပ်အကိုင်ရရှိမှုနှင့် အခွင့်အလမ်းရပိုင်ခွင့်များ ဆောင်ရွက် ပေးနိုင်ရေးအတွက် အောက်ပါတို့ကို အကြံပြုတင်ပြအပ်ပါသည်-

(၁) နိုင်ငံ၏ သဘာဝအရင်းအမြစ်ကို စနစ်တကျအသုံးချသကဲ့သို့ လူသားအရင်း အမြစ် များကိုလည်း စွမ်းရည်မြင့်မားစွာ အသုံးချနိုင်ရေး အတွက် ဆောင်ရွက်ရန်၊

(၂) စီးပွားရေးစီမံကိန်း၊ ပညာရေးစီမံကိန်းနှင့် လူ့အင်အားစီမံကိန်းတို့ကို ဟန်ချက် ညီညီ တိုးတက်ရေးအတွက် ဆောင်ရွက်ရန်၊ ထိုသို့ ဆောင်ရွက်ရန် အတွက် National Framework တစ်ခုလိုအပ်ပြီး ပညာရေး၊ လူ့အင်အားနှင့် အမျိုးသားစီမံကိန်းရေး ဆွဲရေးတို့နှင့် သက်ဆိုင်သည့် ဌာနများက ပူးပေါင်းလျက် ကြီးကြပ်မှုတစ်ရပ်အောက် တွင် အကောင် အထည်ဖော်သွားရန်၊

(၃) စိုက်ပျိုးရေးဆောင်ရွက်နိုင်သော ရေ/မြေအရင်းအမြစ်၊ စိုက်ပျိုးရေး လုပ်ငန်းလုပ် ကိုင်နေသော လူဦးရေရာခိုင်နှုန်းတို့အရ စိုက်ပျိုးရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက် အောင်ပြုလုပ်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာအောင် ဆောင်ရွက်ရန်၊ ထိုသို့ဆောင်ရွက်ရာ၌ ဈေးကွက်တွင် ရောင်းအားကောင်းမည့် သီးနှံ၊ ဈေးကွက်တွင် ရေရှည် ရောင်းနိုင်သောသီးနှံများ စိုက်ပျိုးခြင်း၊ ဈေးကွက် သတင်း များကို မျှဝေပေးခြင်း၊ စိုက်ပျိုးထွက်ရှိသော သီးနှံများအတွက် စိုက်ပျိုး ထုတ်လုပ်သူသည် ထုတ်လုပ်မှုစရိတ်ထက် ကျော်လွန်သော ဈေးနှုန်း ရရှိရေး အစီအမံများ ထားရှိခြင်း၊ ရုတ်ချည်းပြောင်းလဲမှု တစ်ရပ်ရပ် ကြောင့် ဈေးကွက်အတွင်း အခက်အခဲများရှိလျှင် အစိုးရက ကူညီဖြေရှင်းပေးခြင်း၊ ဈေးကွက်သို့ အချိန်မီမရောက်လျှင် ပျက်စီး နိုင်သော သီးနှံများ အတွက် ရေရှည်ခံရန် နည်းပညာများဖြန့်ဝေခြင်း၊ အဆိုပါသီးနှံများကို ခေတ်မီ

စက်များဖြင့် တန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ် ထုတ်လုပ် ရောင်းချ ခြင်း စသည်တို့နှင့် စပ်လျဉ်းသည့်အစီအမံများ ချမှတ် ဆောင်ရွက် သွား ရန်၊

(၄) ကျေးလက်နေပြည်သူများသည် အလုပ်အကိုင် အခွင့်အလမ်းအတွက် မြို့များသို့ ရွှေ့ ပြောင်းအလုပ်လုပ်ခြင်း၊ အခြားနိုင်ငံများသို့ ရွှေ့ပြောင်း အလုပ်လုပ်ခြင်းများ ပြုလုပ် လျက်ရှိရာ ယင်းကိုလျော့ချနိုင်ရေးအတွက် စိုက်ပျိုးရေးမှ ရရှိသောသီးနှံ၊ စက်မှု ကုန်ကြမ်း၊ စက်မှုကုန်ချောနှင့် တန်ဖိုး မြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်သော လုပ်ငန်း များတွင် ရင်းနှီးမြှုပ်နှံရန်၊ ရင်းနှီးမြှုပ်နှံခြင်းများ ဆွဲဆောင်ရန်နှင့် ၎င်းလုပ်ငန်းများမှ ရရှိလာမည့် အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးပေးရန်၊

(၅) မြို့ပြရှိ လုပ်သားထုနှင့် ရွှေ့ပြောင်းလုပ်ကိုင်နေကြသော လုပ်သားထု တို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊ ထိုသို့ ဆောင် ရွက်ရာတွင် အခြား တိုး တက်သောနိုင်ငံများကဲ့သို့ Small and Medium Enterprises - SMEs လုပ်ငန်း များကိုအားပေးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း များစွာပေးနိုင်သော အထည်ချုပ် လုပ်ငန်းများကို အား ပေး ခြင်းနှင့် ထိုမှတစ်ဆင့် အသိပညာနှင့် ကျွမ်းကျင်မှုရရှိလာမည့် ပြည်တွင်း လုပ်သားထု၏အရည်အသွေး မြှင့်တင်ခြင်းတို့ကို ဆောင်ရွက် ရန်၊

(၆) အလုပ်လက်မဲ့ နည်းပါးရေး၊ လူတိုင်း စားဝတ်နေရေး ပြေလည်စေရေး၊ ပြည်ပ ကျွမ်းကျင်မှုများ ပြည်တွင်းသို့စီးကူးရေးတို့အတွက် ပြည်ပ နိုင်ငံ များသို့ စေလွှတ်မည့် မိမိနိုင်ငံသားများကို ကျွမ်းကျင်မှု အဆင့်တစ်ရပ်ရပ် ရှိသောလုပ်သားများ ဖြစ်အောင် စီမံဆောင်ရွက်ပေးရန်၊

(ဂ) စာရင်းအင်းကိုအခြေခံလျက် စီမံကိန်းများ ရေးဆွဲရခြင်းဖြစ်ရာ အလုပ်သမားရေးရာ စာရင်းအင်းများရရှိရေးအတွက် လုပ်သားအင်အား စစ်တမ်းတစ်ခု ကောက်ယူရန်နှင့် အချိန်ကာလတစ်ခု သတ်မှတ်၍ ပုံမှန်ကောက်ယူသွားရန်၊

နိဂုံး

၂၆။ ပြည်တွင်းအလုပ်အကိုင် ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ပြည်ပအလုပ်အကိုင် ဈေးကွက်သတင်းများ၊ စီးပွားဖွံ့ဖြိုးတိုးတက်သောနိုင်ငံများ၏ အလုပ်သမားရေးရာ လုပ်ငန်းစဉ်များကို မျက်ခြေမပြတ် လေ့လာပြီး နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆင်းရဲမှုပပျောက်ရေး၊ လုပ်သားထုတစ်ရပ်လုံး ပြည်တွင်း၊ ပြည်ပတွင် ကောင်းမွန်သော အလုပ်အကိုင်များရရှိရေး၊ ပြည်ပတွင် ရောက်ရှိလုပ် ကိုင်နေသော အလုပ်သမားများအား ကာကွယ်စောင့်ရှောက်ရေး၊ ၎င်းတို့ဝင်ငွေများ ပြည်တွင်းသို့ ချောမွေ့စွာ စီးဝင်နိုင်ရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဝိုင်းဝန်းစဉ်းစား ဆွေးနွေးကြပြီး အဓိက အကျုံး ဝင်သော ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ ပူးပေါင်းလျက် ရေရှည်တိုးတက်မှုကို ရှေးရှုသည့် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်သင့်ပါကြောင်း တင်ပြအပ်ပါသည်။